# ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၆။]
(၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ၏ ပုဒ်မ ၂၊ အပိုဒ် (ခ) အစား၊ အောက်ပါကို အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) 'အစိုးရအိမ်ဥပစာ' ဆိုသည်မှာ၊ နိုင်ငံတော်အစိုးရကဖြစ်စေ၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်းမပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးတွင်၊ ပြည်နယ်အစိုးရများကဖြစ်စေ ပိုင်ဆိုင်သော၊ သို့တည်းမဟုတ် ငှားရမ်းယူထားသော၊ သို့တည်းမဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာကို ဆိုလိုသည်။"

❖ ❖ ❖ ❖ ❖

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်၊ စာမျက်နှာ - ၁၇၁၈။